- ❖ မြန်မာနိုင်ငံအတွင်း သို့မဟုတ် မြန်မာနိုင်ငံပြင်ပမှ ရရှိသည့် ဝင်ငွေအမျိုးအစားနှင့် ပမာဏ၊
- ❖ ငွေပေးချေမှုပုံစံ၊
- ❖ အကျိုးခံစားခွင့် လျှောက်ထားရယူသူ၏ သက်ဆိုင်ရာနိုင်ငံတွင် မည်သည့်ကာလအထိ အခွန်စာရင်းရှင်းလင်းပြီးကြောင်း ဖော်ပြရန်၊
- ❖ သက်ဆိုင်ရာနိုင်ငံ၏ အခွန်ထမ်းဖြစ်ကြောင်း (Certificate of Residence – COR) အတည်ပြုချက် အထောက်အထား၊
- ❖ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ပေးဆောင်ထားပြီးဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ပေးသွင်းမှုစာရင်း (ပတခ(ဝင)-၀၃-၀၈)။

★ တစ်ဦးချင်းပုဂ္ဂိုလ်နှင့် ကုမ္ပဏီမှအပဖြစ်သော ပုဂ္ဂိုလ်စုများဖြစ်ပါက-

- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားလိုသည့် ပုဂ္ဂိုလ်စု၏အမည် သို့မဟုတ် အစုရှယ်ယာ အများဆုံးပါဝင်သည့် ပုဂ္ဂိုလ်၏အမည်၊
- ❖ အမြဲတမ်းလိပ်စာ၊ ဖုန်းနံပါတ်၊ လုပ်ငန်း website လိပ်စာနှင့် e-mail လိပ်စာ၊
- ❖ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် နေရာ/ ဒေသ/ လိပ်စာအပြည့်အစုံ၊
- ❖ လုပ်ငန်းရေးရာအဝဝ စီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ်ခြင်းကိစ္စအားလုံးကို ဆောင်ရွက်သည့်နေရာ/ ဒေသ/ လိပ်စာ၊
- ❖ ပုဂ္ဂိုလ်စုတွင် ပါဝင်ဆောင်ရွက်သည့် အဖွဲ့ဝင်များစာရင်းနှင့် အစုပါဝင်မှု၊
- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားရယူသူ၏ ဌာနေပုဂ္ဂိုလ်ဖြစ်ရာနိုင်ငံအမည်၊ ရည်ညွှန်းလိုသည့် DTA ၏ အခန်း (Article) နှင့် အကြောင်းအရာ၊
- ❖ ဝင်ငွေခွန်ဥပဒေအရ အခွန်ကျသင့်မည့် ပေးချေငွေအမျိုးအစား၊ ပေးချေငွေပမာဏ၊ ကျသင့်မည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏ စုစုပေါင်း၊
- ❖ DTA အရ တောင်းဆိုလိုသည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏစုစုပေါင်း၊
- ❖ လျှောက်ထားလိုသည့် ပုဂ္ဂိုလ်စု၏ ပင်မလုပ်ငန်း၊
- ❖ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပင်မလုပ်ငန်း၊
- ❖ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့်လုပ်ငန်းနှင့် ပတ်သက်သည့် အသေးစိတ်ဖော်ပြချက်၊

- ❖ မြန်မာနိုင်ငံအတွင်း သို့မဟုတ် မြန်မာနိုင်ငံပြင်ပမှ ရရှိသည့် ဝင်ငွေအမျိုးအစားနှင့် ပမာဏ၊
- ❖ ငွေပေးချေမှုပုံစံ၊
- ❖ အကျိုးခံစားခွင့် လျှောက်ထားရယူသူ၏ သက်ဆိုင်ရာနိုင်ငံတွင် မည်သည့်ကာလအထိ အခွန်စာရင်းရှင်းလင်းပြီးကြောင်း ဖော်ပြရန်၊
- ❖ သက်ဆိုင်ရာနိုင်ငံ၏ အခွန်ထမ်းဖြစ်ကြောင်း (Certificate of Residence – COR) အတည်ပြုချက် အထောက်အထား၊
- ❖ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ပေးဆောင်ထားပြီးဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ပေးသွင်းမှုစာရင်း (ပတခ(ဝင)-၀၃-၀၈)။




## DTA အရ အကျိုးခံစားခွင့်အား ကိုယ်စားလှယ်ဖြင့် လျှောက်ထားခြင်းဖြစ်ပါက တင်ပြရမည့် အချက်အလက်များ

★ DTA အရ အကျိုးခံစားခွင့်ကို လျှောက်ထားသူများသည် တိုက်ရိုက်လျှောက်ထားခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်မှတစ်ဆင့် လျှောက်ထားခြင်းဖြစ်ပါက ကိုယ်စားလျှောက်ထားပေးမည့် တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်စုများအနေဖြင့် အခွန်ထမ်းကိုယ်တိုင် လျှောက်ထားရာတွင် တင်ပြရမည့် အချက်အလက်များအပြင် အောက်ဖော်ပြပါ အချက်အလက်များကိုတစ်ပါတည်း တင်ပြရမည်ဖြစ်ပါသည်-

- ❖ အကျိုးခံစားခွင့်ကို ကိုယ်စားလျှောက်ထားပေးမည့် တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်စု၏အမည်၊
- ❖ အမြဲတမ်းလိပ်စာ၊ ဖုန်းနံပါတ်၊ လုပ်ငန်း website လိပ်စာနှင့် e-mail လိပ်စာ၊
- ❖ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်သည့်နေရာ/ ဒေသ/ လိပ်စာအပြည့်အစုံ၊
- ❖ ကိုယ်စားလှယ်လွှဲအပ်ကြောင်းထောက်ခံစာ (Letter of Authorization) (အခွန်ကပ်တံဆိပ်ခေါင်း ကပ်နှိပ်ရန်)။

**သက်ဆိုင်ရာအခွန်စည်းကြပ်သည့်ရုံးသည် အခွန်ထမ်း သို့မဟုတ် အခွန်ထမ်း၏ ကိုယ်စားလှယ်က တင်ပြလာသည့်အချက်အလက်များကို စိစစ်ဆောင်ရွက်ပြီး DTA စာချုပ်ပါ ခံစားခွင့်များ ရရှိနိုင်ခြင်း ရှိ/ မရှိ ကို အကြောင်းပြန်ကြားပေးသွားမည်ဖြစ်ပါသည်။**

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝအခွန်ပေးဆောင်ကြသော အခွန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ် ၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈-၃၈၉၃၁၁၊ ဖုန်း- ၀၁- ၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း- ၀၂- ၄၀၃၀၁၀၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement – DTA) အရ အကျိုးခံစားခွင့်တောင်းခံခြင်းအတွက် တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများနှင့် သိရှိလိုက်နာဆောင်ရွက်ကြရမည့်ကိစ္စရပ်များ



၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

**“Tax by the Law, Service by our Heart”**

## ရည်ရွယ်ချက်

★ အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးသဘောတူစာချုပ် (Avoidance of Double Taxation Agreement – DTA) အကျိုးသက်ရောက်လျက်ရှိသည့် နိုင်ငံတစ်ခုခုနှင့်စပ်လျဉ်းသည့် ကုမ္ပဏီ/ ပုဂ္ဂိုလ်စု သို့မဟုတ် တစ်ဦးချင်း ပုဂ္ဂိုလ် သို့မဟုတ် ကိုယ်စားဆောင်ရွက်သူ သို့မဟုတ် ကိုယ်စားလှယ်ခန့်အပ်၍ ယင်းပုဂ္ဂိုလ်မှတစ်ဆင့်သော်လည်းကောင်း DTA စာချုပ်အရ အကျိုးခံစားခွင့်များ တင်ပြတောင်းခံရာတွင် သိရှိလိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းစွာသိရှိနိုင်ရန်ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ရေးသားရခြင်းဖြစ်ပါသည်။

## DTA ချုပ်ဆိုထားသည့် နိုင်ငံများ

★ မြန်မာနိုင်ငံနှင့် DTA စာချုပ်များ ချုပ်ဆိုထားပြီး အကျိုးသက်ရောက်လျက်ရှိသည့် နိုင်ငံ (၈) နိုင်ငံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

- ❖ ဗြိတိန်နိုင်ငံ
- ❖ ကိုရီးယားနိုင်ငံ
- ❖ ဗီယက်နမ်နိုင်ငံ
- ❖ အိန္ဒိယနိုင်ငံ
- ❖ မလေးရှားနိုင်ငံ
- ❖ စင်ကာပူနိုင်ငံ
- ❖ လာအိုနိုင်ငံ
- ❖ ထိုင်းနိုင်ငံ



## နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများအပေါ် ဝင်ငွေခွန်ဥပဒေအရ အခွန်ကောက်ခံပိုင်ခွင့် (Taxing Rights) သတ်မှတ်ခြင်း

★ မြန်မာနိုင်ငံ၏ ဝင်ငွေခွန်ဥပဒေအရ နိုင်ငံဖြတ်ကျော်စီးပွားရေးလုပ်ငန်းများအပေါ် အခွန်ကောက်ခံပိုင်ခွင့် (Taxing Rights) ကို သတ်မှတ်ရာတွင် ဌာနေပုဂ္ဂိုလ်သတ်မှတ်ခြင်းဆိုင်ရာစည်းမျဉ်း (Residence Rule) နှင့် ဝင်ငွေရင်းမြစ်သတ်မှတ်ခြင်းဆိုင်ရာစည်းမျဉ်း (Source Rule) နှစ်မျိုးလုံးကို ကျင့်သုံးလျက်ရှိပါသည်။

## ဝင်ငွေရရှိမှုအပေါ် အခွန်ကျသင့်စေခြင်း

★ ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ အခွန်ပေးဆောင်ရမည်ဖြစ်ပါသည်။

★ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ဝင်ငွေရင်းမြစ်သတ်မှတ်ခြင်းဆိုင်ရာစည်းမျဉ်း (Source Rule) အရ ပြည်ပနေနိုင်ငံခြားသား၏ မြန်မာနိုင်ငံအတွင်းရှိ ရင်းမြစ်တစ်ခုခုမှ ဖြစ်ထွန်းပေါ်ပေါက်သည့်ဝင်ငွေ (Myanmar's Source Income) အပေါ် အခွန်ကျသင့်မည်ဖြစ်ပါသည်။ ယင်းသို့ ကျသင့်ရာတွင် အပြီးသတ် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax – WHT) အဖြစ် အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/ ၂၀၁၈ ပါ နှုန်းထားများဖြင့် ကျသင့်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဝင်ငွေရလမ်းတစ်ရပ်ရပ်မှ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ပါက ငွေပေးချေသူက ပေးချေသည့်အချိန်တိုင်းတွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax – WHT) ကို နုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။



★ DTA စာချုပ် အကျိုးသက်ရောက်လျက်ရှိသည့် နိုင်ငံတစ်ခုခုနှင့် စပ်လျဉ်းသည့် ကုမ္ပဏီ/ ပုဂ္ဂိုလ်စု သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက DTA စာချုပ်အရ အကျိုးခံစားခွင့်တစ်ရပ်ရပ်အား တောင်းခံလျှောက်ထားနိုင်ပါသည်။ ယင်းသို့တောင်းခံလျှောက်ထားရာတွင် သက်ဆိုင်ရာအခွန်စည်းကြပ်သည့်ရုံးသို့ တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားလှယ်ခန့်အပ်၍ ယင်းပုဂ္ဂိုလ်မှတစ်ဆင့်ဖြစ်စေ အောက်ပါအချက်အလက်များဖော်ပြ၍ အထောက်အထားများနှင့်အတူ တင်ပြရမည်ဖြစ်ပါသည်။

## DTA အရ အကျိုးခံစားခွင့်အား အခွန်ထမ်းကိုယ်တိုင် လျှောက်ထားရာတွင် တင်ပြရမည့် အချက်အလက်များ

★ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက–

- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားလိုသူ၏အမည်၊
- ❖ အမြဲတမ်းလိပ်စာ၊ ဖုန်းနံပါတ်၊ လုပ်ငန်း website လိပ်စာနှင့် e-mail လိပ်စာ၊
- ❖ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်သည့် နေရာ/ ဒေသ/ လိပ်စာအပြည့်အစုံ၊
- ❖ မြန်မာနိုင်ငံ၌ နေထိုင်ရာနေရာ၊
- ❖ မြန်မာနိုင်ငံ၌ သက်ဆိုင်ရာနှစ်တစ်နှစ်အတွင်း နေထိုင်ခဲ့သည့်ရက်ပေါင်း (–– ရက်––လ––ခုနှစ်မှ ––ရက်––လ––ခုနှစ်အထိ)၊
- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားရယူသူ၏ ဌာနေပုဂ္ဂိုလ်ဖြစ်ရာနိုင်ငံအမည်၊ ရည်ညွှန်းလိုသည့် DTA ၏ အခန်း (Article) နှင့် အကြောင်းအရာ၊
- ❖ ဝင်ငွေခွန်ဥပဒေအရ အခွန်ကျသင့်မည့် ပေးချေငွေအမျိုးအစား၊ ပေးချေငွေပမာဏ၊ ကျသင့်မည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏစုစုပေါင်း၊
- ❖ DTA အရ တောင်းဆိုလိုသည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏစုစုပေါင်း၊
- ❖ လုပ်ငန်းသဘောတူစာချုပ် (စာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပါက)၊
- ❖ လုပ်ငန်းစတင်သည့်ရက်စွဲ၊
- ❖ လုပ်ငန်းပြီးဆုံးသည့်ရက်စွဲ၊
- ❖ မြန်မာနိုင်ငံပြင်ပ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ပေးသည့်လုပ်ငန်းနှင့်ပတ်သက်သည့် အသေးစိတ်ဖော်ပြချက်၊
- ❖ လျှောက်ထားလိုသူ၏ ပင်မလုပ်ငန်း၊



- ❖ ကိုယ်ပိုင်လုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပါက လုပ်ငန်းအမည်နှင့် အမျိုးအစား၊ လုပ်ငန်းလိပ်စာအပြည့်အစုံ၊
- ❖ ဝန်ထမ်းဖြစ်ပါက အလုပ်ရှင်အမည်၊ လုပ်ငန်းအမည်နှင့် အမျိုးအစား၊ လုပ်ငန်းလိပ်စာအပြည့်အစုံ၊
- ❖ မြန်မာနိုင်ငံအတွင်း သို့မဟုတ် မြန်မာနိုင်ငံပြင်ပမှ ရရှိသည့်ဝင်ငွေအမျိုးအစားနှင့် ပမာဏ၊
- ❖ ငွေပေးချေမှုပုံစံ၊
- ❖ အကျိုးခံစားခွင့်လျှောက်ထားရယူသူ၏ သက်ဆိုင်ရာနိုင်ငံတွင် မည်သည့်ကာလအထိ အခွန်စာရင်းရှင်းလင်းပြီးကြောင်းဖော်ပြရန်၊
- ❖ သက်ဆိုင်ရာနိုင်ငံ၏ အခွန်ထမ်းဖြစ်ကြောင်း (Certificate of Residence – COR) အတည်ပြုချက် အထောက်အထား၊
- ❖ ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ပေးဆောင်ထားပြီးဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်ပေးသွင်းမှုစာရင်း (ပတခ(ဝင)–၀၃–၀၈)။

★ ကုမ္ပဏီဖြစ်ပါက–

- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားလိုသည့် ကုမ္ပဏီ၏အမည်၊
- ❖ အမြဲတမ်းလိပ်စာ၊ ဖုန်းနံပါတ်၊ လုပ်ငန်း website လိပ်စာနှင့် e-mail လိပ်စာ၊
- ❖ မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်သည့် နေရာ/ ဒေသ/ လိပ်စာအပြည့်အစုံ၊
- ❖ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ဖွဲ့စည်းတည်ထောင်ရာနေရာ၊
- ❖ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာပိုင်ဆိုင်မှု၊
- ❖ တွဲဖက်လုပ်ကိုင်သည့်ကုမ္ပဏီ (ဖြစ်ပါက) အုပ်စုအမည်၊
- ❖ တွဲဖက်လုပ်ကိုင်သည့်ကုမ္ပဏီများ (Associated Enterprises)၊
- ❖ DTA အရ အကျိုးခံစားခွင့်လျှောက်ထားရယူသူ၏ ဌာနေပုဂ္ဂိုလ်ဖြစ်ရာနိုင်ငံအမည်၊ ရည်ညွှန်းလိုသည့် DTA ၏ အခန်း (Article) နှင့် အကြောင်းအရာ၊
- ❖ ဝင်ငွေခွန်ဥပဒေအရ အခွန်ကျသင့်မည့် ပေးချေငွေအမျိုးအစား၊ ပေးချေငွေပမာဏ၊ ကျသင့်မည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏစုစုပေါင်း၊
- ❖ DTA အရ တောင်းဆိုလိုသည့် အခွန်နှုန်းထားနှင့် အခွန်ပမာဏစုစုပေါင်း၊
- ❖ လုပ်ငန်းသဘောတူစာချုပ် (စာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပါက)၊
- ❖ လုပ်ငန်းစတင်သည့်ရက်စွဲ၊
- ❖ လုပ်ငန်းပြီးဆုံးသည့်ရက်စွဲ၊
- ❖ လျှောက်ထားလိုသည့် ကုမ္ပဏီ၏ပင်မလုပ်ငန်း၊
- ❖ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပင်မလုပ်ငန်း၊
- ❖ မြန်မာနိုင်ငံပြင်ပ သို့မဟုတ် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ပေးသည့်လုပ်ငန်းနှင့်ပတ်သက်သည့် အသေးစိတ်ဖော်ပြချက်၊